ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-2-2007) (၅၂၄၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

**ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို၍ မဟာဝိဇယစေတီတော်ကြီးနှင့်တကွ ရန်ကုန်တိုင်းအတွင်း သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊



ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ယုဂန္ဓရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ မန္တလေးတိုင်း ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိနှင့် စစ်ကိုင်းတိုင်း တမူးမြို့ ဂဏပါမောက္ခကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးဒုတိယနေ့တွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရကလည်းကောင်း၊ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ် ဆရာတော် ဘဒ္ဒန္တ တေဇနိယကလည်းကောင်း ဆောင်ရွက်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

**ဒုတိယနေ့ ကျင်းပ**

ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)

**ကြေးမုံ The Mirror အင်တာနက် သတင်းများ**

ကြက် သွန် ဖြူ က ကိုလက်စထရောဓာတ် မချနိုင်ဟုဆို

(စာမျက်နှာ – ၅)



အန္တာတိက ရေခဲပြင်ကြီးအောက်မှ ဇီဝမျိုးစိတ်သစ်များ သိပ္ပံပညာရှင်များ လေ့လာ

(စာမျက်နှာ – ၅)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၈-၂-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်တွင်းပြည်ပ အဖျက်သမားများ၏လုပ်ရပ်များ ကြိုတင်တားဆီး တိုက်ဖျက်ချေမှုန်း

ယနေ့အချိန်အခါတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များ ကျင့်သုံးနိုင်ရန် အခြေခံကောင်းများ တည်ဆောက်လျက်ရှိသည်။ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိသည်။

ယင်းသို့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ကြိုးပမ်းဖော်ဆောင်နိုင်မှုကို မလိုလားသော ပြည်တွင်း၊ ပြည်ပအဖျက်သမားများက အမျိုးမျိုးလုပ်ကြံဖန်တီး နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး အပါအဝင် ဘာသာရေးဖိနှိပ်မှု၊ တိုင်းရင်းသူများအပေါ် မတရားပြုကျင့်မှု၊ ကလေးစစ်သားအသုံးပြုမှု စသည့် လုပ်ကြံစွပ်စွဲမှု အမျိုးမျိုးဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်လျက်ရှိသည်။

ယခုတစ်ဖန် ပြည်ပြေးများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများ ပူးပေါင်းထားသည့် မဟာဗျူဟာညှိနှိုင်းရေးကော်မတီ အမည်ခံလူတစ်စုက ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ တစ်ဖက်နိုင်ငံ အပန်းဖြေစခန်းတစ်ခုတွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အဆိုပါ အဖျက်သမားအင်အားစုများ၏ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားစေရေးအတွက် ဆန့်ကျင်နှောင့်ယှက် ဖျက်ဆီးရေးများ ပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းတွင် ပြည်တွင်းရှိ အဖျက်သမားများကလည်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ပြီး ဆူပူအုံကြွမှုများ ဖြစ်ပွားစေရန် အတိုင်အဖောက်ညီညီ ဖန်တီးလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှုကို ဖျက်လိုဖျက်ဆီး လုပ်ဆောင်မည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ပူးပေါင်းလုပ်ကြံမှု၊ မသမာသောအကြံအစည်နှင့် အဖျက်လုပ်ရပ်များကို ကြိုတင်တားဆီး တိုက်ဖျက်ချေမှုန်းသွားကြရမည်ဖြစ်ပါသည်။ ။




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းနေ ဦးခင်မောင်-ဒေါ်အိအိ(စန္ဒာစန်း-စတိုး) မိသားစုတို့က ငွေကျပ် ၃၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ၊ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန (ဓမ္မာစရိယ) ပြည်တော်သာ ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရန် စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားနိုင်ငံ Daewoo International Corporation တို့သည် ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်း လုပ်ကွက် AD-7၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။**





စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ကိုရီးယားသမ္မတနိုင်ငံ Ministry of Commerce, Industry and Energy ဒုတိယဝန်ကြီး H.E. Mr. Jae Hoon Lee၊ Daewoo International Corporation ၏ President and CEO, Mr. Young Won Kang နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်**

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Commerce, Industry and Energy ဒုတိယဝန်ကြီး H.E. Mr. Jae Hoon Lee၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် Daewoo International Corporation ၏ President and CEO ဖြစ်သူ Mr. Young Won Kang တို့က နှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားကြသည်။

**လဲလှယ်**

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ကြည်၊ Daewoo International Corporation ၏ Senior Executive Vice President, Mr. Chae Moon Rim နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Daewoo International Corporation ၏ President and CEO, Mr. Young Won Kang တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

**လက်ခံ**

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်ရာ Daewoo International Corporation ၏ Senior Executive Vice President, Mr. Chae Moon Rim ကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ Daewoo International Corporation ၏ President and CEO, Mr. Young Won Kang ကလည်းကောင်း လက်ခံကြသည်။

ယင်းလက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက် AD-7အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အာဆီယံမူပိုင်ခွင့်ဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ရန် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖေဖော်ဝါရီ၂၈ရက်မှ မတ်၂ရက်အထိ ကျင်းပမည့် အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ယမန်နေ့ညပိုင်းတွင် ထိုင်းလေကြောင်းဖြင့် ထွက်ခွာသွားရာ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် အာဆီယံ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

# ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် တောင်ကြီးပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲကို ၁၃၆၈ခုနှစ် (တပေါင်းလပြည့်နေ့) မတ် ၂ ရက် သောကြာနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဗဟန်း (၁) လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)




**ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးဒုတိယနေ့တွင် သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလ ဆောင်ရွက်တော်မူစဉ်။** (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ဆရာတော်ကြီးများ၏ အရေးအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပါကြောင်း လျှောက်ထားတော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋွေးဝင်းက မဟာဝိဇယစေတီတော်ကြီးနှင့်တကွ ရန်ကုန်တိုင်းအတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် ကိုယ်စားလှယ် ဆရာတော်များက အကြံပြုဆွေးနွေးတော်မူကြရာ ရှေးဦးစွာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်း ပွင့်ဖြူမြို့ ရွှေစေတီကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် ဇေယျမင်္ဂလာကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကနှင့် ပဲခူးတိုင်း ညောင်လေးပင်မြို့ ဒက္ခိဏာရာမ အသောကာရုံတောင် ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကတို့ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ကျောက်ဆည်မြို့ ရွှေစေတီ ပရိယတ္တိ စာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ၊ ကရင်ပြည်နယ် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒနှင့် ဧရာဝတီတိုင်း ပုသိမ်အနောက်မြို့နယ် ပစ္ဆိမာရုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒတို့က လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မိဂဒါဝုန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတာဝရာဘိဝံသနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စွန်းလွန်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသတို့ကလည်းကောင်း အသီးသီး ဝေဖန်ဆွေးနွေး အကြံပြု တင်ပြတော်မူကြသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးအကြံပြု တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ပြန်လည်ရှင်းလင်း လျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာ



**ပဥ္စမ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ သတ္တမအစည်း အဝေး ဒုတိယနေ့တွင် ရန်ကုန် တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋွေးဝင်း သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။** (သတင်းစဉ်)

တော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်များအား အသိအမှတ်ပြု ခန့်အပ်လွှာများကို အပ်နှင်းတော်မူသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်ခဲ့မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး ၁၅ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်/တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးကျစီတို့က သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ လက်မှတ်ရေးထိုးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိဂုံးချုပ် ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ဇယန္တောဘောဓိယာမူလေ အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုလျက် ညနေပိုင်းတွင် ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ဇနီး ဒေါ်ကြည်ကြည်အုန်းနှင့် မိသားစု၊ ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက် ရတနာပုံ (၂)လမ်း အမှတ်(၁၈၃) အေ/ဘီနေ ဦးအောင်ဒင် မိသားစုတို့က တစ်နေ့တာဆွမ်း ဆွမ်းကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

## မင်္ဂလာဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရွှေတိဂုံစေတီတော် အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ မင်္ဂလာဗျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် (၄၉)ကြိမ် မဟာဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မတ် ၁၁ ရက်မှ ဧပြီ ၈ ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဓမ္မဒါန ဖွင့်လှစ်မည်ဖြစ်သည်။

အသက်ငါးနှစ်မှ ကိုးနှစ်အထိ အခြေခံ(၁)သင်တန်းနှင့် အသက် ၁၀ နှစ်မှ အထက် အခြေခံ(၂)သင်တန်းများကို မတ် ၃ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အာဟာရအလှူရှင်များ အချိန်မီ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်း တရား(၇)ပါးတို့ကို ဝေးစွာရှောင်ရှား

# သာသနာတော် ကြာမြင့်စွာတည်တံ့ကြောင်း၊ မကွယ်ပျောက်ကြောင်း တရား(၇)ပါးနှင့် ပြည့်စုံအောင် ကျင့်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

**ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသည့် နိဂုံးချုပ်ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပဥ္စမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
သဘာပတိဥက္ကဋ္ဌဆရာတော်၏
**နိဂုံးချုပ်ဩဝါဒကထာ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ကြွရောက်တော်မူကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ဘုရားကြီးများအမှူးရှိသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သတ္တမအစည်းအဝေးကို သာသနာတော် နှစ် ၂၅၅၀ပြည့်နှစ် ကောဇာသက္ကရာဇ် ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁၂ရက် [ခရစ်နှစ် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်၊ ၂၇ ရက်]တို့၌ ကျင်းပခဲ့ကြရာ ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး အပြီးအဆုံးသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီးသည် ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ နောက်ဆုံးအစည်းအဝေးကြီးဖြစ်ပါသည်။ နက်ဖြန် တပေါင်းလဆန်း ၁၃ ရက် (ဖေဖော်ဝါရီလ ၂၈ ရက်)နေ့၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၂၅ ရာခိုင်နှုန်းအနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်ဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၏ သေတပန်သက်တစ်ဆုံး မှတ်သားလိုက်နာထိုက်သည့် ဩဝါဒကထာများကို နာယူမှတ်သားရခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို တစ်နှစ်တာကာလပတ်လုံး လုံ့လကြိုးကုတ်အားထုတ်ဆောင်ရွက်ထားအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့က ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ သုံးဖြာသောကဏ္ဍအလိုက် ဆွေးနွေးထောက်ခံ အကြံပြုတော်မူကြကာ ဝမ်းသာရွှင်ကြည် အတည်ပြုပေးတော်မူကြခြင်းကြောင့်လည်းကောင်း၊ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ကောင်းစွာဆွေးနွေး၍ အဆုံးအဖြတ်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကြောင့်လည်းကောင်း နှစ်ထောင်းအားရ ပီတိသောမနဿ ဖြစ်ရပါကြောင်းကို ပွင့်လင်းစွာ လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ဒုတိယပမာဒါဒိဝဂ်၌-

**(၁) မေ့လျော့ပေါ့ဆခြင်း = ပမာဒတရား**
**(၂) ပျင်းရိခြင်း = ကောသဇ္ဇတရား**
**(၃) အလိုကြီးခြင်း = မဟိစ္ဆတာတရား**
**(၄) မရောင့်ရဲခြင်း = အသန္တုဋ္ဌိတာတရား**
**(၅) မသင့်မလျော်သော အကြောင်းအားဖြင့်နှလုံးသွင်းခြင်း = အယောနိသောမနသိကာရတရား**
**(၆) မဆင်ခြင်ခြင်း = အသမ္ပဇညတရား**
**(၇) ယုတ်မာသောအဆွေခင်ပွန်းရှိခြင်း = ပါပမိတ္တတာတရားများကို သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်း တရားဟူ၍လည်းကောင်း။**

**(၁) မမေ့မလျော့ခြင်း = အပ္ပမာဒတရား**
**(၂) ထက်သန်သောလုံ့လပြုခြင်း = ဝီရိယာရမ္ဘတရား**
**(၃) အလိုနည်းခြင်း = အပ္ပိစ္ဆတာတရား**
**(၄) ရောင့်ရဲခြင်း = သန္တုဋ္ဌိတာတရား**
**(၅) သင့်လျော်သော အကြောင်းအားဖြင့်နှလုံးသွင်းခြင်း = ယောနိသောမနသိကာရတရား**
**(၆) ဆင်ခြင်ခြင်း = သမ္ပဇညတရား**
**(၇) အဆွေခင်ပွန်းကောင်းရှိခြင်း = ကလျာဏမိတ္တတာတရားများကို သာသနာတော်ကြာမြင့်စွာတည်ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်းတရားများ**

ဟူ၍ လည်းကောင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အားလုံးတို့သည် သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်း တရားခုနစ်ပါးတို့ကို ဝေးစွာရှောင်ရှားတော်မူကြ၍ သာသနာတော်ကြာမြင့်စွာ တည်တံ့ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရားခုနစ်ပါးတို့နှင့်ပြည့်စုံအောင် ကျင့်ဆောင်တော်မူကြကာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ထက်သန်သော သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဟူသော အားကြီးငါးပါး လက်ကိုင်ထားလျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားအောင် ရွက်ဆောင်ကြိုးကုတ်အားထုတ်တော်မူကြပါဟု လေးလေးနက်နက်တိုက်တွန်းလျက် ဘုရားတပည့်တော်၏ နိဂမနဩဝါဒကထာကို အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

## သဘာဝဓာတ်ငွေ့ရည်သုံးသင်္ဘော တရုတ်၌ တည်ဆောက်

ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံသည် သင်္ဘောတည်ဆောက်မှုတွင် အံ့မခန်းတိုးတက်လာပြီဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်ဂျီ) သုံး တရုတ်နိုင်ငံလုပ် ပထမဆုံးသော သင်္ဘောကို တည်ဆောက်လျက်ရှိရာ စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယင်းပင်လယ်ကူးသင်္ဘောမျိုး တည်ဆောက်သည့် နည်းပညာကို တောင်ကိုရီးယား၊ ဂျပန်နှင့် ဥရောပနိုင်ငံ အချို့သာ အသုံးပြုကြသည်။

### တည်ဆောက်

သဘာဝဓာတ်ငွေ့ကို အနုတ် ၁၆၃ ဒီဂရီဆဲလ်စီးယပ်စ်အောက်သို့ လျှော့ချပြီးနောက် အရည်အဖြစ်သို့ ပြောင်းလဲနိုင်သည်။ ကုဗမီတာ ၄၇၂၀၀ ဆံ့သည့် သင်္ဘောတစ်စင်းကို ဟူတုံ–ကျောင်ဟွာ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီက တည်ဆောက်လျက်ရှိသည်။ ယင်း ကုမ္ပဏီသည် သင်္ဘောတည်ဆောက်ရေး ကော်ပိုရေးရှင်း (စီအက်စ်အက်စ်စီ) ၏ ကုမ္ပဏီခွဲဖြစ်သည်။

အယ်လ်အင်ဂျီသုံး အခြားသင်္ဘောလေးစင်းကိုလည်း တည်ဆောက်လျက်ရှိရာ ယခုနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ကုဗမီတာ ၂၀၀၀၀၀ ဆံ့သည့် အယ်လ်အင်ဂျီသုံးသင်္ဘောများ တည်ဆောက်ရေးအတွက် သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း စီအက်စ်အက်စ်စီ သတင်းရပ်ကွက်က ပြောကြားသည်။

### ပြီးစီးမည်

စီအက်စ်အက်စ်စီ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော ရှန်ဟိုင်းဝေကာကျို သင်္ဘောတည်ဆောက်ရေးကုမ္ပဏီသည် အမေရိကန် ကိုနိုကိုဖိလစ်ရေနံကုမ္ပဏီအတွက် သင်္ဘောတစ်စင်း တည်ဆောက်လျက်ရှိရာ မေလတွင် ပြီးစီးမည်ဖြစ်သည်။ ယင်းသင်္ဘောမှာ တန်ချိန် ၃၀၀၀၀၀ တင်ဆောင်နိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ၌ တည်ဆောက်သည့် အကြီးဆုံးနှင့် ကုန်ကျစရိတ်အများဆုံးသင်္ဘောဖြစ်သည်။

စီအက်စ်အက်စ်စီကုမ္ပဏီသည် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းကို စက်တင်ဘာလတွင်လည်းကောင်း၊ ကုဗမီတာ ၁၃၅၀၀ ဆံ့သည့် သောင်တူးသင်္ဘော တစ်စင်းကို မေလတွင်လည်း ကောင်း တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

ကုမ္ပဏီခွဲ ၆၀ ရှိသည့် စီအက်စ်အက်စ်စီကုမ္ပဏီသည် သင်္ဘောတည်ဆောက်ရေး၊ သင်္ဘောပြင်ဆင်ရေး၊ သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၀၆ခုနှစ်တွင် အမြတ်ငွေ ယွမ် ငါးဘီလီယံ ကျော်ရရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ကက်ဆူးရာမြို့၌ အရုပ်ပွဲတော်အတွက် ပြင်ဆင်ထားသည်ကို ဖေဖော်ဝါရီ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*





တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ လက်ဖက်ခင်းတစ်ခုကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

## ယခုနှစ်တွင် ဖိလစ်ပိုင်စီးပွားရေး တိုးတက်မှုအမြင့်ဆုံးဖြစ်မည် စီးပွားရေးလုပ်ငန်းရှင်များ တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် အာရိုယို တိုက်တွန်း

မနီလာ ဖေဖော်ဝါရီ ၂၆

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၁၁ နှစ်တာကာလအတွင်း အကောင်းဆုံးဖြစ်လိမ့်မည်ဟု မာကာတီ စီးပွားရေးကလပ်က ကြိုတင်ဟောကိန်းထုတ်ထားကြောင်း၊ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဖိလစ်ပိုင်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သင့်ကြောင်း သမ္မတ မာဂါပါဂဲလ်အာရိုယိုက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ယခုအချိန်အခါသည် ပီဆိုငွေခိုင်မာမှုကြောင့် အတိုးနှုန်းများ စံချိန်တင်ကျဆင်းနေပြီး ကုန်ကြမ်းပစ္စည်းများကို စျေးချိုချိုဖြင့် ဝယ်ယူနိုင်ကြပြီဖြစ်ကြောင်း၊ လုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရမည့်အချိန်သို့ ရောက်ရှိနေကြောင်း အာရိုယိုက စီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသည့် ဖိလစ်ပိုင် နိုင်ငံသားရှစ်သန်းက လွှဲပြောင်းတင်ပို့ငွေပမာဏသည် လွန်ခဲ့သည့် ခြောက်နှစ်က အမေရိကန်ဒေါ်လာ ၇ဘီလီယံရှိရာမှ ယခုအခါ ၁၃ဘီလီယံခန့်အထိ တိုးပွားလာနေသည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အမေရိကန်ဒုတိယသမ္မတ အာဖဂန်၌ရောက်ရှိစဉ် ၎င်းတည်းခိုရာနေရာ၌ ဗုံးပေါက်ကွဲမှုဖြစ်

ကဘူး ဖေဖော်ဝါရီ ၂၇

**အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် အာဖဂန်နစ္စတန်နိုင်ငံ ဘာဂရမ်အမေရိကန်လေတပ်စခန်း၌ ရောက်ရှိနေစဉ် အဆိုပါစခန်းအဝင်ဂိတ်တွင် ယနေ့ အသေခံဗုံးခွဲမှုဖြစ်ကြောင်း သတင်းများထွက်ပေါ်လာသည်။**

ထိုလေတပ်စခန်းသည် ကဘူးမြို့ မြောက်ပိုင်းမိုင် ၃၀ အကွာ၌ တည်ရှိပြီး ဒုတိယသမ္မတချေနီ တစ်ညတာ တည်းခိုနေစဉ် အတိုက်ခိုက်ခံရခြင်းဖြစ်သော်လည်း ၎င်းမှာ ထိခိုက်မှု မရှိကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်အက်ဆီတာက ပြောကြားသည်။ နံနက် ၁၀ နာရီခွဲခန့်တွင် တပ်စခန်း အဝင်ဂိတ်ဝ၌ အသေခံဗုံးခွဲမှုဖြစ်ပွားခြင်းဖြစ်သည်ဟု ဒုတိယသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လီအာ အန်နီမက်ဒရစ်က ပြောကြားသည်။

ယခုတိုက်ခိုက်မှုကြောင့် ၂၃ဦး သေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိသည်။ သေဆုံးသူများတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၊ အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးနှင့် တောင်ကိုရီးယား တပ်ဖွဲ့ဝင်တစ်ဦး ပါဝင်ကြောင်း နေတိုးအဖွဲ့ကပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နိုင်ငံတို့ အကြား မိုင် ၁၅၁၀ ရှည်သော နယ်စပ်တစ်လျှောက်ရှိ တာလီဘန်နှင့် အယ်လ်ခိုင်ဒါများအား နှိမ်နင်းနိုင်ရေးအတွက် ဖိအားပေးရန် အမေရိကန် ဒုတိယသမ္မတ လာရောက်ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။

ဒစ်ချေနီသည် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

***အင်တာနက်။***




## ဝင်ရိုးစွန်းဒေသ ရေခဲမြစ်များပြောင်းလဲလာနိုင်မှု ဆွေးနွေးမည်

လန်ဒန် ဖေဖော်ဝါရီ ၂၆

**ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင် ထောင်ပေါင်းများစွာသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းဒေသတို့ရှိ ရေခဲမြစ်များ ပြောင်းလဲလာနိုင်မှုအခြေအနေကို ယခုရက်သတ္တပတ်အတွင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။**

တောင်နှင့် မြောက်ဝင်ရိုးစွန်းဒေသတွင် ရေခဲများ အရည်ပျော်ဆင်းမှုမှာ ကမ္ဘာ့အခြားသော နေရာဒေသများရှိ ရေခဲများ အရည်ပျော်ဆင်းမှုထက် ပိုမိုလျင်မြန်ကြောင်း၊ ယင်းအခြေအနေသည် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို ဖြစ်ပေါ်စေနိုင်ပြီး သမုဒ္ဒရာရေစီးကြောင်းများနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု သဘာဝဖြစ်စဉ်များအား ရုတ်ခြည်းပြောင်းလဲစေနိုင်ကြောင်း အီဒင်ဘတ်ဂျ်တက္ကသိုလ်မှ သိပ္ပံပညာရှင် မာတင်ဆီးဂရက်က ပြောကြားသည်။

### ဝင်ရိုးစွန်းနှစ်

နိုင်ငံတကာ ဝင်ရိုးစွန်းနှစ်အဖြစ် ယခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ သတ်မှတ်ထားကြောင်း၊ ဝင်ရိုးစွန်းနှစ် လှုပ်ရှားမှု အစီအစဉ်တစ်ရပ်အရ နှစ်ပေါင်း ၅၀ ကာလအတွင်း အကြီးအကျယ်ဆုံးသော သိပ္ပံလေ့လာမှုအဖြစ် ဝင်ရိုးစွန်းဒေသဆိုင်ရာ လေ့လာမှု ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***

## မူးယစ်ဆေးဝါးမှုဖြင့် ဗီယက်နမ်တွင် ရှစ်ဦး သေဒဏ်ချမှတ်ခံရ

ဟန္နွိုင်း ဖေဖော်ဝါရီ ၂၆

မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ သယ်ဆောင်မှုနှင့် သိုလှောင်မှု စွဲချက်များဖြင့် ဗီယက်နမ်နိုင်ငံသားရှစ်ဦးကို သေဒဏ်၊ ၁၃ ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရန် တရားရုံးတော်က အင်္ဂါနေ့တွင် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်ရှိ ပြည်သူ့တရားရုံးသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအတွက် အထက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။

သေဒဏ်အမိန့်ချမှတ်ခံရသူတစ်ဦးဖြစ်သည့် ထရင် ငုယင်သိုင်းမှာ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာဖြစ်ပြီး ၎င်းနှင့် ကြံရာပါများက ဆွန်လာပြည်နယ်အတွင်း ဘိန်းဖြူ ၂၁၆ ကီလိုနှင့် ဘိန်း ၁၉၉ ကီလို ရောင်းဝယ်ခဲ့ကြောင်း၊ ၎င်းအပြင် ဟန္နွိုင်းနှင့် နိုင်ငံမြောက်ပိုင်း ဘက်နင်းပြည်နယ်တို့တွင် ဘိန်းဖြူ ၄၄ ကီလို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ပြင်သစ်နိုင်ငံ ပါရီမြို့ ဖက်ရှင်ပြပွဲ၌ အလှမယ်တစ်ဦး ကျားသစ်သားရေဝတ်စုံဖြင့် သရုပ်ပြနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ–အင်တာနက်)*

ကြေးမုံ The Mirror အင်တာနက် ဂေဟဗေဒနှင့် ကျန်းမာရေးသတင်းများ

# အန္တာတိကဒေသ ရေခဲပြင်ကြီးအောက်မှ ဇီဝမျိုးစိတ်သစ်များ သိပ္ပံပညာရှင်များလေ့လာ

ပေကျင်း ဖေဖော်ဝါရီ ၂၆

**အန္တာတိကဒေသရှိ ရေခဲပြင်အချပ်လွှာကြီးများ အက်ကွဲထွက်သွားသည့်အတွက် သိပ္ပံပညာရှင်များသည် ယခင်အခါက လေ့လာခွင့်မရသည့် ရေခဲထုဖြင့်ဖုံးအုပ်နေသော ရေပြင်အောက်နေ သက်ရှိများ၏ ဂေဟစနစ်ကို လေ့လာခွင့်ရကြပြီဖြစ်သည်ဟု တနင်္ဂနွေနေ့က ပြုလုပ်သည့်ထုတ်ပြန်ချက်တွင် ရှင်းလင်းဖော်ပြထားသည်။**

ရေခဲပြင်အောက်ရေပြင်၌ တွေ့မြင်ရသောသတ္တဝါများတွင် လိမ္မော်ရောင်ရှိပြီး ဆူးများပါသည့် ကြယ်ငါးများ၊ ယပ်တောင်သဖွယ် အမြီးပါသည့် ရေခဲငါးများနှင့် အုပ်စုလိုက်ရွေ့လျားနေသော ပင်လယ်သခွားများစသည့် သတ္တဝါများပါဝင်သည်။

ရေခဲပြင်ချပ်ကြီးများ ကွဲထွက်သွားသောနေရာသည် ဝက်ဒယ်လ်ပင်လယ်ပြင်ဖြစ်သည်။ ကွဲထွက်သွားသောရေခဲချပ်ကြီးများ၏ အကျယ်သည် စတုရန်းကီလိုမီတာ ၁၀၀၀၀ အထိကျယ်ဝန်းသည်။ ယခုကဲ့သို့ ရေခဲချပ်ကြီး ကွဲမထွက်မီက သိပ္ပံပညာရှင်များသည် ရေခဲထုအောက်ကို လေ့လာလိုလျှင် ရေခဲပြင်ကို အပေါက်ဖောက်၍သာလေ့လာကြရသည်။ ရေခဲပမာဏထုထူလွန်းလှသဖြင့်ထိုသို့လေ့လာရန်ကိစ္စသည် လွယ်ကူသော ကိစ္စမဟုတ်ပေ။



**အန္တာတိကဒေသ ရေခဲပြင်အောက်ဂေဟစနစ်တွင် လှုပ်ရှားသက်ဝင်နေကြသည့် ရေနေသတ္တဝါများ။** *(ဓာတ်ပုံ-အင်တာနက်)*

ယခုအခါ ထိုရေခဲပြင်ဒေသတွင် နိုင်ငံပေါင်း ၁၄နိုင်ငံမှ သိပ္ပံပညာရှင် ၅၂ဦးတို့သည် ရေခဲပြင်အောက်ရှိ ဇီဝကမ္ဘာကို စူးစမ်းလေ့လာလျက်ရှိကြသည်။ ၎င်းတို့စုဆောင်းရရှိထားသောသတ္တဝါမျိုးစိတ်ပေါင်းသည် ၁၀၀၀ မျှရှိသည်။ ယခင်ကမတွေ့ရှိ ဖူးသေးသောသတ္တဝါအသစ်များလည်း ပါမည်ဟု ယုံကြည်ထားကြသည်။ ***အင်တာနက်။***

# ကြက်သွန်ဖြူက ကိုလက်စထရောဓာတ် မချနိုင်ဟုဆို

ချီကာဂို ဖေဖော်ဝါရီ ၂၇

**ကြက်သွန်ဖြူနှင့်ပတ်သက်၍ ဆေးသိပ္ပံပညာရှင်များက နောက်ဆုံး စမ်းသပ်လေ့လာမှုပြုလုပ်ရာ ကြက်သွန်ဖြူတွင် ယခင်ကယူဆထားကြသကဲ့သို့ ကိုလက်စထရောဓာတ် လျော့နည်းသွားအောင် လျှော့ချပေးနိုင်သော အာနိသင်မျိုး မတွေ့ရှိရကြောင်း သတင်းများက ဖော်ပြသည်။**

### သတ္တိမပြ

ကြက်သွန်ဖြူ၏ အာနိသင်ကို သိရှိရစေရန် ကြက်သွန်ဖြူ အသားညှပ်ပေါင်မုန့်၊ ကြက်သွန်ဖြူဆေးတောင့်စသည်များကို အစမ်းသပ်ခံလူပုဂ္ဂိုလ်များကို အသွင်အမျိုးမျိုးနှင့် တိုက်ကျွေး၍ လေ့လာခဲ့သည်။ ထိုသို့လေ့လာရာ၌ မူလကပင် ကိုလက်စထရောဓာတ်များနေသူများအပေါ်တွင် ကြက်သွန်ဖြူက ကိုလက်စထရောလျှော့ချရေးအတွက် မည်သို့မျှ သတ္တိမပြသည်ကို စူးစမ်းသိရှိရ သည်ဟု သုတေသနပြုလုပ်သူ ခရစ္စတိုဖာဂါဒနာကပြောကြားသည်။

လူတို့သည် တိုင်းရင်းဆေးအဖြစ် ကြက်သွန်ဖြူကို ရှေးအစဉ်အလာကပင် သုံးစွဲလာကြသည်။ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ ရောဂါပိုးကူးစက်ရာမှ ခံစားရသော ဝေဒနာအမျိုးမျိုးနှင့် ခြင်ကိုက်သည်ကိုပင် ကြက်သွန်ဖြူ အသုံးပြု၍ ကုသလာခဲ့ကြသည်။

ကြက်သွန်ဖြူနှင့်ပတ်သက်၍ ယခင်က ပြုလုပ်ခဲ့သော လေ့လာချက်များတွင် အစာအိမ်လမ်းကြောင်းနှင့် ဆီးကျိတ်ကင်ဆာကိုသက်သာစေသည်၊သွေးတိုးကျစေသည်၊ကိုလက်စထရော လျှော့ချပေးသည် စသည်ဖြင့် ဖော်ပြခဲ့ကြသော်လည်း အချို့လေ့လာမှုများက ထိုအကျိုးအာနိသင်များ မတွေ့ရဟု ဆိုသည်။



### ရောနှောသွားနိုင်

ကန့်ဓာတ်ပါသော အယ်လီဆင် (allicin) ခေါ် ဓာတ်ပေါင်းတစ်မျိုးသည် ကြက်သွန်ဖြူတွင် ပါရှိသည်။ ထိုဓာတ်ပစ္စည်းကြောင့် ကြက်သွန်ဖြူသည် ဆေးဖက်ဝင်ခြင်းဖြစ်မည်ဟု ယူဆထားသည်။ သို့ရာတွင် ယင်းကို စားသုံးလိုက်သောအခါ အခြားဓာတ်ပစ္စည်းများနှင့် ရောနှောသွားနိုင်၍ အယ်လီဆင်ဓာတ်ပစ္စည်းသည်အားပျော့သွားဟန်ရှိသည်ဟု သုံးသပ် ကြသည်။

သိပ္ပံပညာရှင်များသည် ဤလေ့လာတွေ့ရှိချက်ကို ရင်ခေါင်းပိုင်းဆိုင်ရာ ဆေးပညာမော်ကွန်း စာစောင်တွင် ရေးသားတင်ပြခဲ့ကြသည်။

***အင်တာနက်။***

**အစားအစာစားသုံးရာ၌ တွဲဖက်စားသုံးလေ့ရှိသော ကြက်သွန်ဖြူ။**
*(ဓာတ်ပုံ-အင်တာနက်)*

| ထူးခြားသည့် ညအပူချိန်များ | (၂၇-၂-၂၀၀၇) | |
|---|---|---|
| | လားရှိုးနှင့် ဟဲဟိုး | ၆ ဒီဂရီစင်တီဂရိတ် |
| | ရန်ကုန် | ၂၁ ဒီဂရီစင်တီဂရိတ် |

# သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့်တာဝန်ထမ်းဆောင်မှုများ ပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ်လမ်းညွှန် မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက်ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း ၀၆၇-၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇-၄၀၅၀၀၄၊ ဖက်(စ်)၀၆၇-၄၀၅၀၇၁၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈) နေပြည်တော် email, mofofficepma @ mptmail. netmm တို့ ဖြစ်သည်။

ထိုသို့တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့်လည်း ရန်ကုန်မြို့နေ ပြည်သူလူထု၏ အကျိုးကို ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့နေ ပြည်သူလူထုအနေဖြင့် စည်ပင်သာယာလုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲများရှိလျှင်သော်လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကိုအလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ကြုံတွေ့ရလျှင်သော်လည်းကောင်း ပြည်သူလူထုကိုယ်တိုင် ဖော်ပြပါတယ်လီဖုန်း ၀၁-၃၇၁၉၅၀ နှင့် ၀၁-၂၄၉၀၄၅ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)





# ဘော့စ်ဘောပင် ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

Beauty World Stationery Co., Ltd (Boss Ball Pen) ၏ ၂၀၀၆ ခုနှစ်အတွင်း ကုန်ပစ္စည်းအများဆုံးဖြန့်ဖြူးရောင်းချခဲ့သော ကုန်သည်ကြီးများအား ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ Hotel Nikko Royal Lake တွင် ကျင်းပသည်။

ရှေးဦးစွာ Beauty World Stationery Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးမောင်တင်က ကုန်ပစ္စည်းထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရကုန်သည်ကြီးများအား သရုပ်ဆောင်ရဲလေး၊ ချစ်သုဝေ၊ သင်ဇာဝင့်ကျော်တို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ Beauty World Stationery Co., Ltd (Boss Ball Pen) မှ Boss, Jumbo Reynolds, Smart GL, Boss 999, Smart Correction Pen, Oval Correction Pen စသည်တို့ကို ထုတ်လုပ်လျက်ရှိပြီး Boss Cheer, 799 Ball Pen, Glory GL, Boss Style GL များကို ဆက်လက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

BOSS Ball Pen **၏ ၂၀၀၆ ခုနှစ်အတွင်း ကုန်ပစ္စည်းအများဆုံးဖြန့်ဖြူးရောင်းချခဲ့သော ကုန်သည်ကြီးများအား ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲ တွင်** Beauty World Stationery Co., Ltd. **မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော်များအား ဂုဏ်ပြုပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော် ရှစ်ပါးတို့အား ၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်၊ မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား လမ်းရှိ မွန်ဓမ္မာရုံ၌ ဂုဏပူဇာချီးကျူး ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ဖူးမြော်ကြရန်နှင့် ဝတ္ထုငွေ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

# ပဲခူးမြို့က စစ်ကောင်းစာကြည့်တိုက် ဖွင့်ပွဲ

**စိန်လှိုင်ဗိုလ်**

ပုဂ္ဂလိကအလှူရှင်များ လှူဒါန်းသည့် စာကြည့်တိုက်များအနက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သည် ထင်ရှား၏။ စာကြည့်တိုက် အဆောက်အအုံ၊ စာအုပ်စာတမ်း၊ စာကြည့်တိုက် စီမံခန့်ခွဲမှုတို့သည် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါ၏။ ဦးလေးအုံး၏ စာပေဆု၊ ပညာသင်ထောက်ပံ့ ချီးမြှင့်ဆုများသည် မြန်မာစာပေလောကအတွက် လွန်စွာကြီးမားသော အထောက်အပံ့များ ဖြစ်ပါ၏။

ယခုအခါ ပဲခူးမြို့မှ အလှူရှင် မိသားစုတစ်စုသည် စာပေဆုကို မထူထောင်နိုင်သေးသော်လည်း စာကြည့်တိုက်တစ်တိုက်ကို ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်နေ့တွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်ဥဿာသီရိ(၇)လမ်း၌**"စစ်ကောင်း"** အမည်ဖြင့် စာကြည့်တိုက် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖိတ်ကြားစာရရှိသဖြင့် သွားရောက်ခဲ့ပါ၏။ ကနဦးတွင် သာမန်အဆောက်အအုံဖြင့်သာ ဖွင့်ရိုးဖွင့်စဉ် စာကြည့်တိုက်ဖွင့်ပွဲဟု အထင်ရောက်ခဲ့ပါ၏။ လက်တွေ့ရောက်ရှိသွားသောအခါတွင်မူ အတော်အတန်ကောင်းမွန်လှသော အခိုင်အမာ အဆောက်အအုံကြီး တစ်ခုဖြစ်နေသည်ကို အံ့ဖွယ်မြင်တွေ့ရပါ၏။ သို့ဖြစ်၍



**စစ်ကောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင် ဦးဝင်းစိန် (အလယ်) ပါဝင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**



**ကျပ်သိန်းပေါင်း ၂၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ထားသော အလှူရှင် ဦးဝင်းစိန်၏ "စစ်ကောင်း"စာကြည့်တိုက်။**

လည်း စာကြည့်တိုက်အလှူရှင် ဦးဝင်းစိန်အား တွေ့ဆုံမေးမြန်း ဖြစ်ခဲ့ပါ၏။

ဦးဝင်းစိန်(၆၃)နှစ်သည် ဇနီး ဒေါ်တင်မြ၊ သားနှစ်ဦးနှင့်အတူ အမှတ် ၁၁၉၈ ဥဿာသီရိ ၇ လမ်းတွင်ပင် နေထိုင်ကြ၍ စစ်ကောင်းအမည်ဖြင့် လက်ဖက်ခြောက်လုပ်ငန်းကို မွန်ပြည်နယ် မြို့နယ်များတွင် ဖြန့်ဖြူးလုပ်ကိုင် ဆောင်ရွက်နေသူဖြစ်ပါ၏။ လွန်ခဲ့သော ၂၀၀၂ ခုနှစ်တွင် စာကြည့်တိုက် ထူထောင်ရန် ရည်မှန်းချက်ဖြင့် ဥဿာသီရိ(၇)လမ်း နေထိုင်ရာ အိမ်အနီး အမှတ် ၁၂၁၅ ပေ ၄၀ x ၆၀ အကျယ်အဝန်းရှိသော မြေကွက်ကို ကျပ်၅၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ကာရံခဲ့ပါ၏။ ၂၀၀၄ ခုနှစ် နွေရာသီတွင် ရပ်ကွက်ပြည်သူလူထု သောက်ရေ၊ သုံးရေ မှီခိုအားထားရာ ဥဿာရေကန်ကြီး ခန်းခြောက်သွားသဖြင့် ပြည်သူလူထု ရေသုံးစွဲမှု အခက်အခဲ ပေါ်ပေါက်ခဲ့ပါ၏။ ဦးဝင်းစိန်သည် စာကြည့်တိုက် မထူထောင်နိုင်မီ ရေအလှူကို ဦးစွာလှူဒါန်းနိုင်ရန် အလို့ငှာ ဒီဇယ်အင်ဂျင်ဖြင့်မောင်းသော စက်ရေတွင်း တစ်တွင်း၊ လျှပ်စစ်မော်တာဖြင့်မောင်းသော စက်ရေတွင်း တစ်တွင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှစ်လုံးကို တည်ဆောက်ပြီး ၂၀၀၄ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရေအလှူကို စတင်လှူဒါန်းခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် အာစီကွန်ကရစ် နှစ်ထပ်တိုက် အဆောက်အအုံကို စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့ပါ၏။ ဦးဝင်းစိန်သည် မြေညီထပ်တွင် စစ်ကောင်းစာကြည့်တိုက် ထူထောင်နိုင်ရန် ပရိဘောဂနှင့် စာအုပ်စာတမ်းများကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူစုဆောင်းခဲ့ရာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ၌ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါ၏။ ဦးဝင်းစိန်၏ ရည်မှန်းသော ဆန္ဒသုံးရပ်အနက် ရေအလှူနှင့် စာကြည့်တိုက်အလှူကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါ၏။ အကောင်အထည်ဖော်ရန် ကျန်ရှိနေသော ရည်မှန်းချက်တစ်ရပ်မှာ စာကြည့်တိုက် အပေါ်ထပ်၌ မဟာသန္တိသုခ စစ်ကောင်းဓမ္မဗိမာန် ဖွင့်လှစ်နိုင်ရေးပင် ဖြစ်ပါ၏။

ဦးဝင်းစိန်သည် ရပ်ကွက်ပြည်သူလူထု သောက်ရေ၊ သုံးရေ လောက်ငှဖူလုံစွာ သောက်သုံးနိုင်စေရန် နွေရာသီတွင် လျှပ်စစ်မီတာခ ငွေကျပ်တစ်သိန်းခန့်နှင့် စက်သုံးဆီအတွက် ငွေကျပ် နှစ်သိန်းခန့်ကို အစဉ် လှူဒါန်းရင်း ပီတိဖြစ်နေသူ လူမှုရေးအလှူရှင် တစ်ဦး ဖြစ်ပါ၏။ စာကြည့်တိုက်တံခါး တစ်ချပ်ဖွင့်လျှင် အကျဉ်းထောင်တံခါး တစ်ချပ်ပိတ်သည်ဟူသော ဆိုစကားကို ယုံကြည်လက်ခံသူတစ်ဦး ဖြစ်ပါ၏။ ဗုဒ္ဓ၏ အဆုံးအမကို လူတိုင်းလိုက်နာနိုင်ခြင်းဖြင့် ငါးပါးသီလမြဲမြံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြု ဖော်ဆောင်နိုင်မည်ဟု မြဲမြံစွာ ယုံကြည်သူဖြစ်ပါ၏။ စာရေးသူက ဦးဝင်းစိန်၏ တတိယ ဆန္ဒဖြစ်သော ဓမ္မဗိမာန်ကို ပြီးပြည့်စုံအောင် ထူထောင်ဖွင့်လှစ်နိုင်ပြီးနောက် ရေရှည် တည်တံ့ခိုင်မြဲရန် မည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်ပါမည်လဲဟု မေးရာ–

**"လောလောဆယ်အနေနဲ့ အပေါ်ထပ်မှာ တရားဟောပလ္လင်တစ်ခုနဲ့ ဘာသာရေးသင်တန်း ဟောပြောပွဲတွေ ပြုလုပ်နိုင်ဖို့အတွက် ပရိဘောဂ အစရှိတာတွေကို ကျွန်တော်ဝယ်ယူစုဆောင်းပါဦးမယ်။ စာကြည့်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက်တော့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို လွှဲအပ်ပြီးပါပြီ။ ဘာသာရေးခန်းမအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ခဲ့ပြီးရင်တော့ ကျွန်တော်ဆုံးဖြတ်ထားတာ ရှိပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ သိန်း ၂၀၀ ကျော်တန်တဲ့ ကျွန်တော့် အလှူအားလုံးကို နိုင်ငံတော်ကို အပြီးအပိုင် လွှဲပြောင်းလှူဒါန်းဖို့ဖြစ်ပါတယ်။ ဒါမှလည်း စစ်ကောင်းစာကြည့်တိုက်နဲ့ ဓမ္မဗိမာန်အပါအဝင် ရေလှူဒါန်းမှုတွေဟာ ထာဝစဉ်ရှင်သန်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"**

စာရေးသူသည် လူမှုရေးနှင့် ဘာသာရေးအလှူရှင် ဦးဝင်းစိန်၏ ရင်တွင်းမှ ပီတိဖြင့်ယှဉ်သော ကတိစကားများကို ကောင်းစွာယုံကြည်ပါသည်။ ပခုက္ကူဦးအုံးဖေလိုပုဂ္ဂိုလ်မျိုး ပဲခူးမြို့တွင် ထပ်မံပေါ်ပေါက်လာပြီဟု ထိုနေရာမှာပင် အသံမထွက်ဘဲ မှတ်ချက်ချလိုက်မိပါသည်။ ။

**သိန်း ၂၀၀ ကျော်တန်တဲ့ ကျွန်တော့် အလှူအားလုံးကိုနိုင်ငံတော်ကိုအပြီးအပိုင် လွှဲပြောင်းလှူဒါန်းဖို့ဖြစ်ပါတယ်။ ဒါမှလည်း စစ်ကောင်းစာကြည့်တိုက်နဲ့ ဓမ္မဗိမာန်အပါအဝင် ရေလှူဒါန်းမှုတွေဟာ ထာဝစဉ်ရှင်သန်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။**



**ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)စာကြည့်တိုက်ဖွင့်ပွဲအမှာစကားပြောကြားစဉ်။**

# မဒေးရေလှောင်တမံသည် ကံမမြို့နယ်ရှိ လယ်မြေဧက ၄၀၀၀ကို ရေပေးဝေနိုင်

# ခြောက်သွေ့သောပတ်ဝန်းကျင်သဘာဝအနေအထားကို စိမ်းလန်းစိုပြည်လာစေမည်

## မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်း ပထမတစ်သီးအပြင် နွေစပါးနှင့် ပဲမျိုးစုံ ဒုတိယတစ်သီးစိုက်နိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က မကွေးတိုင်း ကံမမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော မဒေး ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**

အဆိုပါ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ သရက်ခရိုင်နှင့် ကံမမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် ရေမြေသဘာဝ ရာသီဥတုနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော် နေထိုင်ကြသော ကျေးလက်ဒေသပြည်သူများ၏ အဓိကကျသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်လာစေရန် အခါမလပ် လမ်းညွှန်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကိုယ်တိုင်ကိုယ်ကျလည်း သွားရောက်၍ စစ်ဆေး လမ်းညွှန်ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

တည်ဆောက်ပြီးသည့် ရေရရှိရေး စီမံကိန်းတိုင်းသည် နယ်မြေဒေသအတွင်း၌ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ယနေ့တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့် မဒေး ရေလှောင်တမံသည်လည်း ကံမမြို့နယ်အတွင်း၌ရှိသော တောင်သူများ စိုက်ပျိုးထုတ်လုပ်နေသည့် လယ်မြေဧက ၄၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်တော့မည့်အပြင် ခြောက်သွေ့သော ပတ်ဝန်းကျင် သဘာဝအနေအထားကို စိမ်းလန်းစိုပြည်လာစေမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး ဆည်မြောင်းတာတမံစီမံကိန်းများ၊ ရေထိန်းတံခါး စီမံကိန်းများကို ကိုယ်ပိုင်စွမ်းအားဖြင့် စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိကြောင်း၊ မဒေး ရေလှောင်တမံစီမံကိန်းသည် တပ်မတော်အစိုးရတာဝန်ယူထားသည့်ကာလအတွင်း ၁၉၆ခုမြောက်စီမံကိန်းအဖြစ် အကောင်အထည်ဖော်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ယခုအချိန်အထိ တည်ဆောက်ပြီးသည့် ရေလှောင်တမံစီမံကိန်း ၃၆၈ ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၀၅ ခုမှ ရေသွင်းစိုက်ဧက ၇ ဒသမ ၃ သန်းကျော်အထိ အကျိုးပြုနေပြီဖြစ်ကြောင်း၊ ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ဧကသည်လည်း စိုက်ပျိုးမြေ၏ ၁၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း။**

ဤဒေသ၌ ယခင်က မိုးစပါးနှင့် ပဲတီစိမ်းကို ပထမတစ်သီးအဖြစ် အဓိကစိုက်ကြပြီး ဒုတိယသီးနှံအဖြစ် စပါးဧက ၁၅၀ စိုက်ပျိုးမှုရှိကြောင်း၊ သီးနှံစိုက်စွမ်းအားအနေဖြင့် ၁၀၄ရာခိုင်နှုန်းသာရှိကြောင်း၊ ယခု ဤရေလှောင်တမံ ရေပေးနိုင်မှုအရ ဧက ၄၀၀၀၌ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းကို ပထမတစ်သီးစိုက်ပျိုးနိုင်သည့်အပြင် နွေစပါးနှင့် ပဲမျိုးစုံကို ဒုတိယတစ်သီးအဖြစ် သီးနှံပုံစံချ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တတိယသီးနှံအဖြစ် နွေစပါးကို ဧက ၇၀၀ ထပ်မံ စိုက်ပျိုးနိုင်မည်ဖြစ်၍ စုစုပေါင်းသီးနှံစိုက်ဧက ၈၇၀၀ အထိ ရရှိလာမည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားအနေဖြင့်လည်း ၂၁၈ ရာခိုင်နှုန်းထိ တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သီးနှံစိုက်ပျိုးမှု တိုးတက်လာခြင်းသည် တောင်သူလယ်သမားကြီးများ ဝင်ငွေတိုးတက်လာစေမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မကွေးတိုင်း၏ ဝမ်းစာဖူလုံမှုကို အထောက်အကူရရှိစေမည်ဖြစ်ကြောင်း။

ဤရေလှောင်တမံကို ကျပ်သန်းပေါင်း ၇၀၀၀ ခန့် အကုန်အကျခံပြီး ဒေသခံပြည်သူများ၏အကျိုးအတွက် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သားစဉ်မြေးဆက်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အဖိုးတန်သည့် ရေကိုလည်း အကျိုးရှိအောင်၊ လေလွင့်မှုနည်းပါးအောင် စနစ်တကျသုံးစွဲကြရန် မှာကြားလိုကြောင်း၊ ရေလှောင်တမံ ရေဝင်ကောင်းစေရန် ရေဝေရေလဲက ရှိပြီးဖြစ်သော သစ်တောသစ်ပင်များ မပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ **မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် မဒေးရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်းအတွက် သီးနှံပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးခဲ့သည့် မွန်မြတ်သော ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း၊ မကွေးတိုင်း ကံမမြို့နယ်အတွက် ပထမဆုံးဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်ကြောင်း၊** တည်ဆောက်ဆဲကာလမှာပင် ပုသိမ်-မုံရွာကားလမ်းဘေးရှိ နွေစပါးဧက ၂၀၀ကျော်ကို တမံမှတိုက်ရိုက်ဆည်ရေပေး၍ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်းအတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ခုကို စီမံချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆည်၊ ကန်၊ တမံများ၏ ရလဒ်သည် ဒေသခံတောင်သူလယ်သမားများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သည့် စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်၍ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်အောင်၊ ရေပေးမြောင်းစနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံစည်းကမ်းများနှင့်အညီ ပြည်သူများမှ တာဝန်သိသိ ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါဟု ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်မှ ဦးတင်ဦးက မဒေး ရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ထည့်သွင်းပြောကြားသွားသည်။ ယင်းနောက် ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် မဒေး ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို ဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတူ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် မဒေး ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများ၊ တည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် မဒေး ရေလှောင်တမံစီမံကိန်း၏ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲ တည်ဆောက်မှုများကိုလည်းကောင်း၊ ရေထုတ်ပြွန်၊ ရေပေးမြောင်းမှ ရေပေးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး တက်ရောက်လာကြသော ပြည်သူများအား ထပ်မံတွေ့ဆုံနှုတ်ဆက်ကြသည်။

**မဒေး ရေလှောင်တမံသည် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ရွာအနီး၌ တည်ရှိပြီး ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိသည့် မဒေးချောင်းပေါ်၌ တည်ဆောက်ထားကာ မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့် ၁၅၅ပေ၊ တမံအလျားပေ ၁၉၂၀၊ ကုန်းကြောတမံ အလျားပေ ၁၂၀၀ရှိကြောင်း** သတင်းရရှိသည်။

(သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ မဒေး ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)



မဒေး ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

➪ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) ဆောက်လုပ်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ဦးဌေးမြင့်နှင့် ဦးစန်းဝင်းတို့က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ချဉ်းကပ်တံတား အပေါ်ထည်လုပ်ငန်း (မန္တလေးဘက်ကမ်း) ၈၉ရာခိုင်နှုန်းပြီးစီးမှု၊ ပင်မတံတားအပေါ်ထည်လုပ်ငန်း (တံတားတစ်စင်းလုံး) ၉၄ရာခိုင်နှုန်းပြီးစီးမှု၊ ချဉ်းကပ်လမ်းတည်ဆောက်ခြင်း၊ ချဉ်းကပ်တံတားနှင့် ပင်မတံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်း၊ ဆေးသုတ်ခြင်း၊ အချောထည်လုပ်ငန်း (စီမံကိန်းတစ်ခုလုံး) ၇၉ရာခိုင်နှုန်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် တိုင်းမှူးက တံတားနှင့်ပတ်သက်သော လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်တင်ပြသည်။ ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) ပေါ်သို့ မန္တလေးဘက်ကမ်းမှ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် KR- 500 ကရိန်းယာဉ်များဖြင့် သံမဏိသံလုံးဆိုင်းများနှင့် ချုပ်တန်းများ တပ်ဆင်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း အချိန်မီအရည်အသွေးမီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

**မှာကြားဖြည့်ဆည်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာတွင် တောင်သူ ဦးအောင်ကြည်နှင့်အဖွဲ့ စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းအား ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာ ဒေါ်စန္ဒာလင်းက မြစ်သားမြို့နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးရန် လျာထားဧက၊စိုက်ပျိုးပြီးဧကများနှင့် ပိုးသတ်ဆေးများသုံးစွဲမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ပေါင်းရှင်းပေးရန်၊ ဓာတ်မြေဩဇာကို သဘာဝမြေဩဇာနှင့်ရော၍ ကြဲပက်ပေးရန်နှင့် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ်တွင် ယင်းတော်ကန်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးဧက ၄၀အား ကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် စတင်စိုက်ပျိုးစဉ်မှစ၍ ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကန်သာကျေးရွာအုပ်စု တောင်သူ ဦးမျိုးဝင်း၏ အောင်မြင်ဖြစ်ထွန်းနေသော မိုးနှောင်းမျိုးသန့်ဝါငွေချည်(၆) ၃ ဒသမ ၂၅ဧကကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ တောင်သူ ဦးမျိုးဝင်းက ပိုးသတ်ဆေးပက်ဖျန်းမှု၊ အားဆေးပက်ဖျန်းမှု၊ ရေပေးသွင်းမှုနှင့် တစ်ဧကလျှင် နှစ်ကြိမ်ဆွတ်ခူးရာ ပိဿာ ၂၀၀ကျော်ရရှိပြီးဖြစ်၍ အထွက်နှုန်း ပိဿာ ၆၀၀ကျော်ခန့်မှန်းကြောင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခုအောင်မြင်နေသော ဝါစိုက်ခင်းကို အနီးပတ်ဝန်းကျင်မှ ဝါစိုက်ပျိုးသူများအား လေ့လာစေပြီး အတုယူစိုက်ပျိုးသွားရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှကြီးမှူးပြီး ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်ခြင်းလုပ်ငန်း လှိုင်းတက်လမ်းဆုံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ရန်ကျန်အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးရေး၊ ပတ်ဝန်းကျင်လယ်ကွက်များ နွေစပါးစိုက်ပျိုးရန် ရေလက်မြောင်းများ ပိတ်ဆို့မှုမဖြစ်စေရေးမှာကြားသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ကြားမိုင်တိုင်အမှတ်(၁၁၀/၇)တွင် မြေတူးစက်၊ မြေကော်စက်၊ မြေထိုးစက် စက်ယန္တရားများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအားတွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရန် လိုအပ်ချက်များအား မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် အမှတ်(၂)ခရိုင်ချင်းဆက်လမ်းအတိုင်းမော်တော်ယာဉ်ဖြင့် တပ်ကုန်းမြို့နယ် ကင်းသာဆည်လမ်းဆုံရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ကင်းသာ–ဂမုန်းတောင်လမ်း ဖောက်လုပ်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)လမ်းသည် အကျယ်ပေ ၅၀၊ အလျား ၂၁၃မိုင်ရှိပြီး မြေသားလမ်း ၂၃ မိုင် သုံးဖာလုံ၊ ကျောက်ချောလမ်း ၁၀ မိုင် သုံးဖာလုံ၊သစ်သားတံတား ၁၂ ခု၊ သံကူကွန်ကရစ်တံတားတစ်ခုနှင့် ရေပြွန် ၈၁ လုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ကျင်းပနိုင်ရေး ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် မတ် ၁ ရက်မှ စတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် မတ် ၂၆ရက်တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ဒုတိယနေ့ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်ချီ မပလစစ်သည်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ်၊ ဖန်နေဝန်း၊ မပခရဲဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့စစ်သည်၊ တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ နိုင်ငံတော်ကိုချစ်တဲ့သားကောင်းစစ်သည်တော်၊ အောင်သံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူချစ်တဲ့ရပလစစ်သည်၊ ပြည်သူ့တပ်မတော်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သည်၊ မျိုးချစ်ဇာနည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက (၇၇)တပ်မ စစ်သည်တော်၊ ဒို့စစ်သည်၊ ပြည်သူ့သားစစ်သည်၊ ဒို့ရဲ့ဗမာ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ရဲသွေးရဲမာန်၊ မြန်မာ့အာဇာနည်၊ ဒို့စစ်သည်စစ်ချီတေးများဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်ကြောင်းကြီးများ တည်းခိုရာ အဆောင်အသီးသီး၌ အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေတင်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ အမှတ်(၇) တည်းခိုရေးစခန်း အဆောင်အသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ည ၇နာရီတွင် အနော်ရထာနှင့် ကျန်စစ်သားစစ်ကြောင်းများ၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စင်တင်တေးဂီတနှင့် မြဝတီအငြိမ့်တို့ဖြင့်လည်းကောင်း၊ ဘုရင့်နောင်နှင့် အောင်ဇေယျစစ်ကြောင်းများ၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် မျက်လှည့်တို့ဖြင့်လည်းကောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် နဝရတ်ကိုးသွယ်အငြိမ့်တို့ဖြင့်လည်းကောင်း၊ ဗန္ဓုလနှင့် မြဝတီစစ်ကြောင်းများ၌ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှစင်တင်တေးဂီတနှင့် ဟာသတို့ဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြရာ စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDSကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က (၁၄၅)လမ်းရှိ အရိုးကုန်းဓမ္မာရုံတွင် ကျင်းပစဉ်။** (၀၈)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၉း၅၀ | တေးဂီတအစီအစဉ် |
| ၇း၀၅ | လိုအင်ဆန္ဒတရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသရ ဆရာတော်) | ၉း၅၅ | Midweek Sports News |
| ၈း၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ ကောင်းဟိန်း (အယ်ဒီတာချုပ်) (Ecovison Journal) | ၁၀း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၂၀ | တေးဂီတအစီအစဉ် | ၁၀း၁၅ | လက်ယှက်သစ်ချောင်းနှင့် ပုံဖော်သစ်ထုတ်လုပ်မှုလုပ်ငန်း |
| ၈း၂၅ | အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း) | ၁၀း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၄၅ | တက်သစ်လွင်ပြင် သီချင်းဆိုပြိုင်ပွဲ (IMP)(မျက်နှာ)သီချင်း | ၁၀း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၃၅ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အကျိုးရှိရှိထိရောက်အောင် သုံးစွဲနည်း" | ၁၁း၀၅ | သတ္တုတူးသောရွာကလေး |
| | | ၁၁း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| | | ၁၁း၃၀ | Language Lab (ကမာရွတ်၊ အမက–၂) |
| | | ၁၁း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| | | ၁၂း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| | | ၁၂း၂၅ | ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ် |
| | | ၁၂း၃၅ | တေးဂီတအစီအစဉ် |
| | | ၁၂း၄၀ | လိုက်နာကြပါ |
| | | ၁၂း၄၅ | တေးဂီတအစီအစဉ် |
| | | ၁၂း၅၀ | ဘိုင်းဒါးတံတား |
| | | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ကြေးမုံ The Mirror

# ပြည်တွင်းသတင်းမှတ်စု

## ရွှေတိဂုံစေတီတော် တပေါင်းလပြည့်နေ့ သောက်ရေသန့်ဘူးများ ဒါနပြုမည်

၁၃၆၈ ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၂ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် ငွေကျပ် ၃၅သိန်းဖိုးရှိ သောက်ရေသန့်ဘူးပေါင်း ငါးသောင်းကို တစ်နေကုန်စေတနာ ဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခြောက်သိန်းငါးသောင်းလှူဒါန်းခဲ့ပြီး ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆နှင့် ၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရှိရသည်။

## မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်သည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) မီးသတ်စခန်းနှင့် အမှတ်(၄) မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

## ဆီဆိုင်မြို့နယ် လုပ်ရှားမှုဓာတ်ပုံပြပွဲကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးနှင့်ဦးစီးဌာနမှ ကြီးမှူးပြသသော မြို့နယ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၂ရက်တွင် ဆီဆိုင်မြို့နယ်ခန်းမ၌ ပြုလုပ်သည်။ ဓာတ်ပုံပြပွဲသို့ ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ကြည့်ရှုလေ့လာကြသည်။

## ပျိုးပင်များပျိုးထောင်မှု ကြည့်ရှုစစ်ဆေး

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်များအား ဝန်ထမ်းများက မြေချစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးဝင်းဆွေ ကြီးကြပ်ဆောင်ခဲ့ကြောင်း သိရသည်။

## ကျေးလက်စက်ရေတွင်းတူးဖော်

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေအဖြစ် ဆောင်ရွက်သော လက်ပံဆိပ်ကျေးရွာ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်နိုင်စိုးတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေကူး ရေတွန်းစက်ရုံသစ်တည်ဆောက်မှု စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယမန်နေ့ နံနက် ၁၁နာရီက မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေကူး ရေတွန်းစက်ရုံသို့ ရောက်ရှိလာပြီး အထက်ပါ ရေတွန်းစက်ရုံမှ ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များသို့ တစ်နေ့လျှင် ရေဂါလန် သန်း ၃၀ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးရာ ရေတွန်းစက်ခြောက်လုံးဖြင့် ရေများဖြန့်ဝေနေမှုကို လက်တွေ့ရှင်းလင်းပြသသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တည်ဆောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်အားလုံးကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီး ဖြစ်၍ လာမည့် မေလနောက်ဆုံးပတ်တွင် အချောသတ်ပြီးစီးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စံချိန်စံညွှန်းပြည့်မီပြီး အလေအလွင့် မရှိစေရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

**ဖြန့်ဝေပေးနိုင်**

ရေကူး ရေတွန်းစက်ရုံမှ မရမ်းကုန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ ဗဟန်း၊ ကမာရွတ်၊ လှည်းတန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်၊ လသာ၊ပန်းဘဲတန်းနှင့် ကျောက်တံတား မြို့နယ်များသို့ နေ့စဉ် ရေဂါလန် သန်း ၃၀ဖြန့်ဖြူးနေရာမှ အထက်ပါ ရေတွန်းစက်ရုံသစ် ပြီးစီးသွားပါက နေ့စဉ် ရေဂါလန် သန်း ၄၀ ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ (၁၉)

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေကူး ရေတွန်းစက်ရုံဝင်းအတွင်း အသစ်တည်ဆောက်ဆဲ ရေတွန်းစက်ရုံနှင့် ရေစုပ်ကန်၊ ရေစုကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘန၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့နယ် ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဇောတိက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော်များဖြစ်ကြသည့် ပုဇွန်တောင်မြို့နယ် ရွှေဘုံသာကျောင်း ရွှေဘုန်းပွင့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမ၊ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း ဝိမလရာမ နတ်ညွှန်း ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဝိမလတို့အား ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍ ဂုဏ်ပြုပူဇော်ပွဲကို မတ် ၃ရက် နံနက် ၉နာရီတွင် အမှတ်(၁၅) ဗဟန်းကြားတောရလမ်း၊ ဗဟန်းမြို့နယ်ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများ မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သံအမတ်ကြီး ဦးလှမောင်(ဘောဂ)၏ ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာစာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**




သံအမတ်ကြီး ဦးလှမောင်(ဘောဂ) ရေးသားပြုစုသည့် ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင် ပြဿနာစာအုပ် **(ယာပုံ)**ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ဖေဖော်ဝါရီလတွင် အုပ်ရေ ၁၀၀၀ ထုတ်ဝေ ဖြန့်ချိလိုက်သည်။

အနာဂတ်ကာလ ကမ္ဘာ့ရေနံလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရေးမှာ ကမ္ဘာတွင် ခက်ခဲသောပြဿနာ တစ်ရပ်အသွင် ဆောင်လျက်ရှိရာ ကြုံတွေ့လာရမည့် ရေနံစွမ်းအင် ပြဿနာ အတိမ်အနက်ကို အသေးစိတ် ဖော်ပြထားသည်။

စာမျက်နှာ ၄၀၀ ကျော်ပါရှိပြီး တန်ဖိုးငွေကျပ် ၂၈၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ညောင်တုန်းအထက(၂) ရာပြည့်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်ကျောင်း(၁၉၀၆-၂၀၀၇) ကျောင်းသားဟောင်းများ၏ ရာပြည့်ဆုံစည်းပွဲကို မတ်၂ရက်(တပေါင်းလပြည့်နေ့) မွန်းတည့်၁၂နာရီတွင် အဆိုပါကျောင်း ရာပြည့်ခန်းမ၌ကျင်းပမည်ဖြစ်သည်။ ပန်းဆိုးတန်းလမ်းရှိညောင်တုန်းအသင်းတိုက်မှ မတ် ၂ရက် နံနက် ၇နာရီတွင် မော်တော်ယာဉ်များထွက်ခွာမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မိမိတို့အစီအစဉ်ဖြင့်ဖြစ်စေ၊ အသင်းတိုက်အစီအစဉ်ဖြင့် ဖြစ်စေ တက်ရောက်ဂါရဝပြုကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)



**ဖေဖော်ဝါရီ ၂၃ရက်က ရန်ကုန်တိုင်း သုံးခွမြို့နယ် ညောင်နီ အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘ၊ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်မြင့်က ကျောင်းတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်နိုင်သော ဆရာမ ဒေါ်ဌေးဌေးရီအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၆၇)



**ဖေဖော်ဝါရီ ၂၄ရက်က ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ စတုတ္ထတန်းမှ ပထမဆုရ မဆုပိုပို ထိုက်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းမော် ဆုချီးမြှင့်စဉ်။** (ပညာရေး)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၅၀** ၅။ မျိုးချစ်တပ်မတော်
**၅:၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
**၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
**၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ မိုးလေဝသသတင်း
**၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
**၆:၃၅** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားက ချစ်လိပ်ပြာ" (အပိုင်း-၁၃)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၁၀)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

## အင်တာနက် အားကစားသတင်းများ

## နောက်ထပ်ဆုဖလား ရယူပေးရန် ချယ်လ်ဆီး မန်နေဂျာမျှော်လင့်

**ဆုဖလားနှင့်အတူ**

**ချယ်လ်ဆီးမန်နေဂျာ မော်ရင်ဟိုအား ကားလင်းဖလားဗိုလ်လုပွဲအပြီး ဆုဖလားနှင့်အတူ တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




**လန်ဒန် ဖေဖော်ဝါရီ ၂၇**

ဟိုဆေးမော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည် ဖေဖော်ဝါရီ ၂၅ ရက်က ဝေလပြည်နယ် ကာဒစ်မြို့ရှိ ထောင်စုနှစ်အားကစားကွင်း၌ ကျင်းပသော ကားလင်းဖလား ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်း၏ မန်နေဂျာအဖြစ် ဆက်လက်တာဝန်ယူရန် ရည်မှန်းချက်ရှိနေသည့်အပြင် ယင်းအသင်းအတွက် နောက်ထပ် ဆုဖလားရယူပေးရန် ၎င်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်း ပိုင်ရှင် အေဘရာမိုဗစ်ချ်သည် မော်ရင်ဟို၏ နေရာတွင် အစားထိုးမည့် မန်နေဂျာသစ်တစ်ဦးကို ရှာဖွေနေသည်ဟု မကြာမီက သတင်းများ ပေါ်ထွက်ခဲ့သည်။ မော်ရင်ဟိုသည် ၂၀၀၄ခုနှစ် နွေရာသီတွင် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိခဲ့ချိန်မှစ၍ ယင်းအသင်းအတွက် ဆုဖလားငါးဆု ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်သည်။ မိမိသည် နှစ်နှစ်ခွဲကာလအတွင်း ဆုဖလားငါးဆုရယူပေးနိုင်ခဲ့ကြောင်း၊ ယင်းဆုဖလားများတွင် ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားနှင့် ပရီမီယာလိဂ်ပြိုင်ပွဲများ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်***

## ရိုင်ယန်ဂစ်၏ဂိုးကိုပယ်ဖျက်ပေးရန် ယူအီးအက်ဖ်အေထံ လိုင်လီအယူခံဝင်

**ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပသည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းမှ ရှိုင်ယန်ဂစ် (အလယ်) ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




**ဘန်း ဖေဖော်ဝါရီ ၂၇**

လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ပွဲ၌ မန်ချက်စတာယူနိုက်တက်အသင်းမှ ရှိုင်ယန်ဂစ်၏ ဂိုးကို ပယ်ဖျက်ပေးရန် ပြင်သစ် လိုင်လီအသင်း၏ တင်ပြချက်ကို ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) က ပယ်ချခဲ့ကြောင်း၊ လိုင်လီအသင်းသည် ယူအီးအက်ဖ်အေ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ထားကြောင်း ယူအီးအက်ဖ်အေ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

**အငြင်းပွား**

မန်ချက်စတာယူနိုက်တက်အသင်းနှင့် လိုင်လီအသင်းတို့သည် ရှိုင်ယန်ဂစ်၏ ဖရီးကစ်ဂိုးနှင့် ပတ်သက်၍ အကြီးအကျယ် အငြင်းပွားခဲ့ကြသည်။

ယူအီးအက်ဖ်အေ၏ အယူခံ သုံးသပ်မှုကော်မတီသည် လိုင်လီအသင်း၏ ထပ်မံတင်ပြချက်ကို မတ် ၁ ရက်တွင် စဉ်းစားသုံးသပ်မည်ဖြစ်သည်။

***အင်တာနက်***

## လီဗာပူးအသင်းသို့ ရာအူးလ် ပြောင်းရွှေ့နိုင်

**မဒရစ် ဖေဖော်ဝါရီ ၂၇**

ရီးယဲလ်မဒရစ်အသင်း၏ အသင်းခေါင်းဆောင် ရာအူးလ် ဂွန်ဇာလက်သည် ယခုနွေရာသီတွင် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့နိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရာအူးလ်နှင့် လီဗာပူးအသင်း နည်းပြ ဘင်နီတက်ဇ်တို့သည် မိတ်ဆွေဟောင်းများဖြစ်ကြကြောင်း၊ ရာအူးလ်သည် ဆယ်ကျော်သက်အရွယ် ဘောလုံးသမားအဖြစ် ရီးယဲလ်မဒရစ်လူငယ်အသင်းတွင် ဘင်နီတက်ဇ်၏ ဦးဆောင်မှုအောက်၌ ကစားခဲ့ကြောင်း၊ ရာအူးလ်သည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့မည်ဟု မျှော်လင့်ရကြောင်း စပိန်နိုင်ငံတွင်ထုတ်ဝေသော အေအက်စ် အားကစား နေ့စဉ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

***အင်တာနက်***



**ဖေဖော်ဝါရီ ၂၀ ရက်က မဒရစ်တွင် ကျင်းပသော ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ်အဆင့် ဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းခဲ့ပြီးနောက် အောင်ပွဲခံနေသည့် ရီးယဲလ်မဒရစ်အသင်းခေါင်းဆောင် ရာအူးလ်အား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ အာစရ ပျံလွန်တော်မူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော် သြဝါဒါစရိယ စစ်ကိုင်းတိုင်း ကသာခရိုင် ဝန်းသိုမြို့ မန်ကျည်းကုန်းစာသင်တိုက် ပဓာန နာယက ဆရာတော် သက်တော်(၇၇)နှစ် သိက္ခာတော် (၅၇)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစရသည် (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၂ရက်) ဖေဖော်ဝါရီ ၂၇ရက်(အင်္ဂါနေ့) နံနက် ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် စီမံကိန်း (၂) စံပြရပ်ကွက်ရှိ အာစာရဝံသကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## သီတဂူဆရာတော် ဘုရားဖူးခရီးစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt.,Ph.D) ဦးဆောင်၍ ပါကစ္စတန်နိုင်ငံသို့ မတ် ၂၆ ရက်မှ ၃၁ ရက်အထိ ရှေးဟောင်း စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ သွားရောက် ဖူးမြော်မည်ဖြစ်ရာ သီတဂူဦးဟန် ဖုန်း-၀၁-၂၅၆၄၆၃၊ ၀၉၈၀-၂၂၇၆၃၊ သီတဂူ ဦးဝင်းအောင် ဖုန်း-၀၉-၂၀၀၅၄၆၁၊ Woodland Travels ဖုန်း-၀၁-၂၀၂၀၇၁၊ ၂၀၂၀၇၂၊ ၂၀၂၀၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အလယ်ရွှေဂုံတိုင် အေးချမ်းသာယာလမ်းနေ ဦးစွမ်-ဒေါ်ကျင်အေး၊ သားမောင်သိန်းဇော်ဝင်းတို့က ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မဇ္ဈိမဂုဏ်ရည် ဆရာတော် အထူးတရားပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်း သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယကဆရာတော် သာသနတက္ကသီလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေဒေါက်တာ ဘဒ္ဒန္တကောဝိဒသည် မတ် ၁ ရက် ည ၇ နာရီတွင် ကျောက်တန်းမြို့နယ် တံတားမြို့၊ ၂ ရက် ည ၇နာရီတွင် ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းစွယ်တော် ရတနာစေတီဗုဒ္ဓပူဇနီယပွဲ၊ ၃ ရက်တွင် ကျိုက်လတ်မြို့၊ ၄ ရက်ည ၇နာရီတွင် သာကေတ (၅)ရပ်ကွက် သုမနဓမ္မာရုံ၊ ၅ရက်ဆည်းဆာတွင် လှိုင်မြို့နယ် (၁၀)ရပ်ကွက် ခေမိန္ဒာရာမကွင်းကျောင်း၊ ယင်းနေ့ည ၈ နာရီတွင်သာကေတ (၅) ရပ်ကွက် သုမနဓမ္မာရုံ၊ ၇ ရက်တွင် မော်လမြိုင်ကျွန်းမြို့၊ ၁၁ ရက်တွင် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ မိခင်ကြီး ဒေါ်ခင်သောင်း၊ သား ကိုဝင်းဆောင်-မတင်မာဆွေတို့၏ အလှူတော်ပွဲ၊ ၁၂ ရက်မှ ၂၃ရက်အထိ ပြည်ပဓမ္မခရီးစဉ်၊ ၂၄ရက် ဆည်းဆာ (၃၈)လမ်းအောက်လမ်းရှိ ဗုဒ္ဓဝိဟာရ ဓမ္မာရုံ၊ ယင်းနေ့ ည ၈ နာရီခွဲတွင် ကျောက်တန်း ပါဒကြီးဘုရား နှစ်တစ်ရာပြည့်ပူဇော်ပွဲ၊ ၂၅ ရက်တွင် ကြို့ပင်ကောက်မြို့၊ ၂၆ ရက် ဆည်းဆာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် သစ္စာလမ်း၊ ယင်းနေ့ညတွင် ကမာရွတ် (၅)ရပ်ကွက် အောင်သုခလမ်း၊ ၂၈ ရက်တွင် သုံးခွမြို့နယ် အနောက်ကျေးရွာ၊ ၂၉ ရက် ဆည်းဆာတွင် ရွှေပြည်သာ မလွန်ဆန်လှူအသင်း၊ ယင်းနေ့ညတွင် မင်္ဂလာဒုံ ပေါက်ကုန်းရပ်ကွက်၊ ၃၀ ရက်တွင် မြောက်ဥက္ကလာပ နွယ်သာကီ ပဋ္ဌာန်းဓမ္မာရုံ၊ ၃၁ ရက် ဆည်းဆာတွင် သင်္ဃန်းကျွန်း ဗိုလ်ကုံညွန့်ရပ်ကွက်နှင့် ယင်းနေ့ညတွင် တောင်ဒဂုံမြို့နယ် (၁၀၄)ရပ်ကွက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မီးလောင်ကျွမ်းမှုများဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၂)ရပ်ကွက် မာဃလမ်းနေ ဦးအီဆာ(ခ) ဦးကျော်ရှင်း၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၄ရက် ညနေ ၄ နာရီခွဲခန့်တွင် မီးဖိုဆီကြော်အိုးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်သုံးလုံးခန့်မီးလောင်ကျွမ်းခဲ့ပြီး လူ ၁၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရင်တော်မြို့မကျေးရွာ တောင်ပြင်ရပ်ကွက်နေ မသက်သက်စိုး၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီခွဲခန့်တွင် ခြင်ထောင်ဘေး ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားပြီး နေအိမ် ၁၀ လုံး မီးလောင်ခံရကာ လူ ၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဆိပ်တဲကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲတွင် ကောက်ရိုးပုံပေါ် ဆေးလိပ်မီးကျရာမှ မီးကူးစက်လောင်ကျွမ်းပြီး နေအိမ် ၁၀လုံး မီးလောင်ခံရကာ လူ ၄၂ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည်**
**မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။**

**လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း**

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီမြစ်ကူးတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှု ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဖောက်လုပ်ခြင်းလုပ်ငန်းများစစ်ဆေးပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရမည်းသင်းမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ကြားတွင် လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၇ နာရီတွင် အမရပူရမြို့နယ် ရောဝတီမြစ်ကူးတံတား (ရတနာပုံ) တည်ဆောက်ရေး မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪





# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ရခိုင်ပြည်နယ် မောင်တောမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံသည်။**





တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နယ်စပ်ဒေသ၌ တာဝန်ထမ်းဆောင် နေကြသော တပ်ဖွဲ့ဝင်များအတွက် ချမှတ်ထားသည့် တာဝန်ကြီး ငါးရပ်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရေး၊ မိသားစုဝင်ငွေတိုးတက်ရရှိရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးနှင့် ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်သိသိ သစ္စာရှိရှိ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် ဆောင်ရွက်ကြရေးတို့နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

## အမှာစကားပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဘူးသီးတောင်မြို့နယ်၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် စိတ်ကုန်ခန်း၊ စိတ်ပျက်လာပြီး ပါတီနိုင်ငံရေးကို ပါဝင်လုပ်ကိုင်လိုစိတ်မရှိတော့ခြင်းကြောင့် စစ်ကိုင်းမြို့နယ် သောင်းရင်းကျေးရွာမှ NLD ပါတီဝင် ၁၂ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် သောင်းရင်းကျေးရွာမှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဉာဏ်သောင်း၊ ဦးဒေါင်းညို၊ ဦးဝင်းရွှေ၊ ဦးအေဝမ်းမောင်၊ ဦးထွန်းထွန်း၊ ဦးတင်စိုး၊ ဦးလှရွှေ၊ ဦးသိန်းနိုင်၊ ဒေါ်တင်စိန်၊ ဒေါ်အေးအေးနိုင်၊ ဒေါ်ကျော်သူမနှင့် ဒေါ်တင့်တို့ ၁၂ဦးသည် ဖေဖော်ဝါရီ ၁၃ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLDပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များစိတ်ဝမ်းကွဲပြားနေခြင်း၊ ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီဆောင်ရွက်မှု မရှိခြင်း၊ ခေါင်းဆောင်များအာဏာရရှိရေးကိုသာအဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာဖြင့် ပါတီနိုင်ငံရေးကို လုပ်ဆောင်နေခြင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ အရည်အချင်းနည်းပါးကြခြင်း၊ နိုင်ငံရေး အချောင်လိုက်နေခြင်းတို့ကြောင့်NLD ပါတီအပေါ် စိတ်ကုန်ခန်း၊ စိတ်ပျက်လာပြီး ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့ကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)